



# ဆားဗီးယားနိုင်ငံဆိုင်ရာအချက်အလက်များ








# ဆားဗီးယားနိုင်ငံဆိုင်ရာအချက်အလက်များ

၁။ ဆားဗီးယားနိုင်ငံ၏တရားဝင်အမည်မှာ ဆားဗီးယားသမ္မတနိုင်ငံဖြစ်ပြီး အလယ်ဥရောပနှင့် အရှေ့တောင်ဥရောပတို့ဆုံရာနေရာတွင်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကာပါသီယံမြစ်ဝှမ်းဒေသနှင့် ဘောလကန်ဒေသ၏အလယ်ပိုင်းတို့ပါဝင်သည်။ မြောက်ဘက်တွင် ဟန်ဂေရီနိုင်ငံ၊ အရှေ့ဘက်တွင် ရိုမေးနီးယားနိုင်ငံနှင့် ဘူလ်ဂေးရီးယားနိုင်ငံ၊ တောင်ဘက်တွင် ကိုဆိုဗိုနိုင်ငံ၊ အနောက်ဘက်တွင် ခရိုအေးရှားနိုင်ငံ၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ၊ မွန်တီနီဂရိုးနိုင်ငံတို့ရှိကြ သည်။ အကျယ်အဝန်းမှာ ၇၇,၄၇၄ စတုရန်းကီလိုမီတာဖြစ်သည်။




This map is presented for information only. The Department of Foreign Affairs and Trade accepts no responsibility for errors or omission of any geographic feature. Nomenclature and territorial boundaries may not necessarily reflect Australian Government policy. For the latest travel advice visit smartraveller.gov.au. Provided by the Commonwealth of Australia under Creative Commons Attribution 3.0 Australia licence.

**သမိုင်းကြောင်း**

၂။ ယနေ့ခေတ် ဆားဗီးယားနိုင်ငံနယ်နိမိတ်အတွင်း ရှေးဟောင်းလူသားမျိုးနွယ်ဖြစ်သည့် Paleolithic ကျောက်ခေတ်မျိုးနွယ်စုများအခြေချနေထိုင်ခဲ့သည့် အထောက်အထားများတွေ့ရှိရပြီး Mala Balanica ဒေသတွင်တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းလူသားမေးရိုးကျောက်ဖြစ်ရုပ်ကြွင်းသည် နှစ်ပေါင်း ၅သိန်းကျော်သက်တမ်းရှိကြောင်းတွေ့ရှိရသည်။ ဆလပ်မျိုးနွယ်ဝင် ဆာဘ့်လူမျိုးများသည် ဘော်လကန်ဒေသသို့ ၆ ရာစုနှင့် ၇ရာစုအစောပိုင်းကာလများတွင် စတင်ရောက်ရှိလာကြပြီး ၈ရာစုတွင် ပထမဆုံးဆာဘ့်လူမျိုးတို့၏နိုင်ငံဖြစ်သည့် Serbian Principality ခေါ်မြို့ပြနိုင်ငံကိုစတင်တည်ထောင်ခဲ့သည်။ ၁၁၁၆ နှင့် ၁၃၇၁ ခုနှစ်များအတွင်း ဆားဗီးယားအား Nemanjiမင်းဆက်မှအုပ်စိုးခဲ့ပြီး အဆိုပါမင်းဆက်လက်ထက်တွင် ဆားဗီးယားနိုင်ငံသည် ဟန်ဂေရီဘုရင့်နိုင်ငံ၏နယ်နိမိတ်ဖြစ်သည့် Vojvodina အထိ ကျယ်ပြန့်လာခဲ့သည်။ ၁၃၈၉ခုနှစ်တွင် အော်တိုမန်အင်ပါယာမှ ကျူးကျော်လာခဲ့ပြီး ၁၄၅၉ ခုနှစ်တွင် ဆားဗီးယားသည် အော်တိုမန်အင်ပါယာ၏သိမ်းပိုက်ခြင်းကိုခံခဲ့ရသည်။

၃။ အော်တိုမန်အင်ပါယာ၏အုပ်စိုးမှုအောက်တွင် ခရစ်ယာန်ဘာသာဝင် ဆာ့ဘ်လူမျိုးတို့သည် Inferior class ခေါ် အော်တိုမန်လူ့အဖွဲ့အစည်း၏ အနိမ့်ဆုံးအခွန်ထမ်းလွှာအဖြစ် သတ်မှတ်ဖိနှိပ်ခြင်းခံခဲ့ရပြီး ကြီးလေးသောအခွန်များ ထမ်းဆောင်ရခြင်း၊ အစ္စလာမ်ဘာသာသို့ အတင်းအကြပ်ကူးပြောင်းစေခြင်းများကို ခံခဲ့ရသည်။ မြောက်ပိုင်းဆားဗီးယားတွင် အော်တိုမန်အင်ပါယာအား တော်လှန်ပုန်ကန်မှုများဖြစ်ပေါ်ခဲ့သည်။

၄။ ၁၈၀၄ မှ ၁၈၁၅ ခုနှစ်များအတွင်း ဆားဗီးယားတော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့ပြီး ၁၈၃၀ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ ၁၈၇၈ ခုနှစ်တွင် လွတ်လပ်သောဆားဗီးယားနိုင်ငံအဖြစ်လည်းကောင်းရရှိခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် ဂရိ၊ ဆားဗီးယား၊ မွန်တီနီဂရိုးနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့ပါဝင်သည့် ဘော်လ်ကန်အဖွဲ့ချုပ်နှင့် အော်တိုမန်အင်ပါယာတို့ဖြစ်ပွားသော ပထမဘော်လ်ကန်စစ်ပွဲတွင် ဘော်လ်ကန်အဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့ပြီး အော်တိုမန်အင်ပါယာလက်အောက်ခံ ဥရောပနယ်မြေအများအပြားကို ဆားဗီးယားတို့ရရှိခဲ့သည်။

၅။ ၁၉၁၈ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် Podgorica ညီလာခံမှ မွန်တီနီဂရိုးနှင့် ဆားဗီးယားအားပေါင်းစည်း၍ ယူဂိုဆလားဗီးယားဘုရင့်နိုင်ငံကို ထူထောင်ကာ ဆားဗီးယားမင်းသား Alexander Karađorđević က Peter I of Serbia ဘုရင်အဖြစ် ဘွဲ့ခံကာနန်းတက်ခဲ့သည်။ အဆိုပါဘုရင့်နိုင်ငံအား ဆာဘ့်၊ ခရိုအက်နှင့် ဆလိုဗီးနီးယားလူမျိုးတို့၏ဘုရင့်နိုင်ငံအဖြစ်သတ်မှတ်ခဲ့သည်။

၆။ ၁၉၃၄ ခုနှစ်တွင် Alexander ဘုရင်သည် မာဆေးလ်မြို့တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပြီး ၎င်း၏သားဖြစ်သူ အသက် ၈ နှစ်အရွယ်မင်းသား Peter II က ထီးနန်းဆက်ခံခဲ့သည်။ ၁၉၃၉ခုနှစ်တွင် ခရိုအေးရှားလူမျိုးများ၏မငြိမ်မသက်မှုကြောင့် Cvetković–Maček သဘောတူညီချက်ချုပ်ဆိုခဲ့ပြီး Banate of Croatia ခေါ် ခရိုအေးရှားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေါ်ပေါက်လာခဲ့သည်။

၇။ ၁၉၄၁ ခုနှစ်၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမဏီဦးဆောင်သည့် ဝင်ရိုးတန်းတပ်များကျူးကျော်လာချိန်အထိ ယူဂိုဆလားဗီးယားသည် ၎င်းတို့၏ကြားနေဝါဒကို ထိန်းသိမ်းခဲ့သည်။ ဝင်ရိုးတန်းတပ်များဝင်ရောက်သိမ်းပိုက်ချိန်တွင် ယူဂိုဆလားဗီးယားသည် ဟန်ဂေရီ၊ ခရိုအေးရှား၊ ဘူလ်ဂေးရီးယားနှင့် အီတလီလက်အောက်ခံ အယ်လ်ဘေးနီးယားနှင့် မွန်တီနီဂရိုးနယ်မြေများဟူ၍ကွဲထွက်သွားပြီး ကျန်ရှိသော ဆားဗီးယားနယ်မြေများအား ဂျာမဏီလက်အောက်ခံရုပ်သေးအစိုးရဖြစ်သည့် Milan Aćimović နှင့် Milan Nedić အစိုးရမှအုပ်ချုပ်ခဲ့သည်။

၈။ အဆိုပါအစိုးရအုပ်ချုပ်စဉ်ကာလအတွင်း ဂျာမန်တို့၏ဖိနှိပ်မှုကြောင့် ဆာဘ့်လူမျိုးအများအပြားသည် ခရိုအေးရှားသို့ ထွက်ပြေးခဲ့ကြရသည်။ ၁၉၄၁ ခုနှစ်ဆောင်းရာသီတွင် တီတိုးဦးဆောင်သည့် ကွန်မြူနစ်Partisansများမှ ဂျာမန်တို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး Republic of Užice ခေါ် လွတ်လပ်သောနိုင်ငံငယ်တစ်ခုကို ထူထောင်နိုင်ခဲ့သည်။ အဆိုပါနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်း ဥရောပတွင် ပထမဆုံး လွတ်မြောက်သောနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၁၉၄၄ ခုနှစ်နှစ်ကုန်ပိုင်း ဘဲလ်ဂရိတ်ထိုးစစ်အပြီး Partisansတပ်ဖွဲ့များသည် ယူဂိုဆလားဗီးယားနယ်မြေအားလုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ယူဂိုဆလားဗီးယားကွန်မြူနစ်ပါတီမှ တစ်ပါတီပြည်ထောင်စနစ်ဖြင့် ယူဂိုဆလားဗီးယားပြည်ထောင်စုကိုပြန်လည်ထူထောင်ခဲ့ပြီး Josip Broz Tito သည် သမ္မတဖြစ်လာခဲ့သည်။



**ဗိုလ်ချုပ်ကြီး Josip Broz Tito**

၉။ ၁၉၈၀ပြည့်နှစ်တွင် တီတိုးကွယ်လွန်ခဲ့ပြီး ဒုတိယသမ္မတဖြစ်သူ Lazar Koliševskiမှ သမ္မတရာထူးဆက်ခံခဲ့သည်။ ၁၉၉၁ခုနှစ် တတိယမြောက်သမ္မတ ဖြစ်သူ Slobodan Milošević လက်ထက်တွင် ကွန်မြူနစ်ပါတီ၏ဦးဆောင်မှုနှင့် လူမျိုးစုဒေသများအကြား တင်းမာမှုများမှအစပြု၍ ဆလိုဗီးနီးယား၊ ခရိုအေးရှား၊ ဘော့ဆနီးယားဟာဇီးဂိုးဗီးနားနှင့် မက်ဆီဒိုးနီးယားတို့မှ လွတ်လပ်ရေးကြေညာခဲ့သည်။ ဆားဗီးယားနှင့် မွန်တီနီဂရိုးတို့မှာ ယူဂိုဆလားဗီးယားပြည်ထောင်စုအတွင်း ဆက်လက်ကျန်ရှိခဲ့သည်။

၁၀။ ယူဂိုဆလပ်စစ်ပွဲ(၁၉၉၁-၂၀၀၁)အတွင်း ဘော့စနီးယားနှင့်ခရိုအေးရှားတွင် ပဋိပက္ခများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ၁၉၉၈ ခုနှစ်အတွင်းတွင် ကိုဆိုဗိုပြည်နယ်ရှိ အယ်ဘေးနီးယားလူမျိုးများနှင့် ဆာဘ့်လူမျိုးများကြားပဋိပက္ခမှတစ်ဆင့် ယူဂိုဆလားဗီးယားတပ်မတော်နှင့် အယ်ဘေးနီးယားလူမျိုးတို့၏ ကိုဆိုဗိုလွတ်မြောက်ရေးတပ်မတော်သူပုန်တပ်ဖွဲ့တို့အကြား ဖြစ်ပွားသည့်ကိုဆိုဗိုစစ်ပွဲ (၁၉၉၈-၁၉၉၉) ဖြစ်ပွားခဲ့ပြီး နေတိုးတပ်ဖွဲ့မှ ကြားဝင်စွက်ဖက်လာခဲ့သည်။ ၁၉၉၉ခုနှစ်တွင် ကုလသမဂ္ဂမှ ယူဂိုဆလားဗီးယားတပ်ဖွဲ့များ ကိုဆိုဗိုမှဆုတ်ခွာရန်နှင့် ကိုဆိုဗိုအား ကုလသမဂ္ဂ အထိန်းချုပ်ခံနယ်မြေအဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

၁၁။ ၂၀၀၃ခုနှစ်တွင် ယူဂိုဆလားဗီးယားပြည်ထောင်စုအား ဆားဗီးယားနှင့် မွန်တီနီဂရိုးဖက်ဒရယ်သမ္မတနိုင်ငံအဖြစ် အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၆ခုနှစ်၊ မေလ

တွင် မွန်တီနီဂရိုးသည် လူထုဆန္ဒခံယူပွဲပြုလုပ်ကာ သီးခြားနိုင်ငံအဖြစ်ခွဲထွက်ခဲ့သည်။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကိုဆိုဗိုသည်လည်း ဆားဗီးယားမှခွဲထွက်ကာ လွတ်လပ်ရေးကြေညာခဲ့သည်။ ကိုဆိုဗို၏လွတ်လပ်ရေးကို ကမ္ဘာ့နိုင်ငံ ၁၁၂ နိုင်ငံမှ ချက်ချင်းအသိအမှတ်ပြုပေးခဲ့သည်။

**အစိုးရနှင့်နိုင်ငံရေး**

၁၁။ ဆားဗီးယားနိုင်ငံသည် ပါလီမန်သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆားဗီးယားနိုင်ငံ၏အခြေခံဥပဒေသည် Sretenje Constitution ဟုခေါ်သည့် ၁၈၃၅ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံထားပြီး ၎င်းအခြေခံဥပဒေသည် ကမ္ဘာပေါ်ရှိ သက်တမ်းရင့်လစ်ဘရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လည်းဖြစ်သည်။ အဆိုပါအခြေခံဥပဒေအား ၁၀ ကြိမ်အထိပြင်ဆင်ခဲ့ပြီး လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် ၂၀၀၆၊ မွန်တီနီဂရိုးခွဲထွက်ပြီးချိန်တွင် ပြန်လည်ပြင်ဆင်ရေးဆွဲထားသည့်အခြေခံဥပဒေဖြစ်သည်။

၁၂။ သမ္မတသည် နိုင်ငံတော်၏အကြီးအကဲနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ၅ နှစ်သက်တမ်းဖြင့်ရွေးကောက်တင်မြောက်ပါသည်။ သမ္မတတစ်ဦးသည် သက်တမ်း(၂)ဆက်သာ တစ်ဆက်စပ်တည်းတာဝန်ထမ်းဆောင်ခွင့်ရှိသည်။ သမ္မတသည် လွှတ်တော်၏သဘောတူညီမှုဖြင့် ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့အားဖွဲ့စည်းသည်။ လက်ရှိသမ္မတမှာ ၂၀၁၇ ခုနှစ်၊ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် တိုးတက်သောဆားဗီးယားပါတီမှ Aleksandar Vučić ဖြစ်သည်။



**ဆားဗီးယားသမ္မတ Aleksandar Vučić**

၁၂။ ဥပဒေပြုရေးတွင် အမျိုးသားညီလာခံ(National Assembly) လွှတ်တော် တစ်ရပ်သာရှိပြီး လွှတ်တော်သည် ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့အား သဘောတူခန့်အပ်ခြင်း၊ ဥပဒေပြုခြင်း၊ စစ်ကြေညာခြင်း၊ နိုင်ငံတကာသဘောတူညီမှုစာချုပ်စာတမ်းများအတည်ပြုခြင်းကိစ္စရပ်များဆောင်ရွက်သည်။ လွှတ်တော်အား အချိုးကျစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့်ကိုယ်စားလှယ် ၂၅၀ဖြင့်ဖွဲ့စည်းထားပြီး လွှတ်တော်သက်တမ်းမှာ (၄)နှစ်ဖြစ်သည်။ အဓိကနိုင်ငံရေးပါတီများမှာ ဗဟိုလက်ယာယိမ်း Serbian Progressive Party၊ လက်ဝဲယိမ်း Socialist Party of Serbia နှင့် လက်ယာစွန်း Serbian Radical Party တို့ဖြစ်သည်။

## နိုင်ငံတကာဆက်ဆံရေး

၁၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၈)နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားပြီး သံရုံးပေါင်း (၆၅)ခုအားဖွင့်လှစ်ထားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဟု ခန့်မှန်းထားပါသည်။ မြောက်အတ္တလန်တိတ်မဟာမိတ်စာချုပ်အဖွဲ့(NATO) နှင့်ပူးပေါင်းဆောင်ရွက်မှုများအား ၂၀၀၆ခုနှစ်တွင်စတင်ကာ ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းမှုထိန်းသိမ်းရေးတာဝန်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## စီးပွားရေး

၁၄။ ဆားဗီးယားနိုင်ငံသည် လူလတ်တန်းလွှာအခြေပြုဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးလျက်ရှိပြီး ကမ္ဘာ့ငွေကြေးအဖွဲ့၏ထုတ်ပြန်ချက်အရ ဆားဗီးယား၏GDP မှာ အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံဖြစ်ကာ တစ်ဦးခြင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၂၈၄ဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် GDP၏ ၆၀.၈%၊ စက်မှုလုပ်ငန်းများသည် ၃၁.၃%နှင့် စိုက်ပျိုးရေးသည် ၇.၉% ဖြစ်သည်။ ငွေကြေးမှာ Serbian dinarကိုအသုံးပြုပြီး ငွေကြေးလဲလှယ်မှုနှုန်းမှာ အမေရိကန်ဒေါ်လာ ၁ ဒေါ်လာလျှင် ၁၀၄.၈ ဆားဗီးယန်းဒီနာဖြစ်သည်။

၁၅။ ၂၀၀၀ပြည့်နှစ်မှစတင်ကာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ၂၅ဘီလီယံအထက်သို့မြင့်တက်လာခဲ့ပြီး ပြည်ပနာမည်ကြီး လုပ်ငန်းစုများဖြစ်သည့် Fiat Chrysler Automobiles၊ Siemens၊ Bosch၊ Philip Morris၊ Michelin၊ Coca-Cola၊ Carlsberg စသည့်လုပ်ငန်းစုများမှ ရင်းနှီး မြှုပ်နှံလျက်ရှိသည်။ စွမ်းအင်ကဏ္ဍတွင်လည်း ရုရှားစွမ်းအင်ကုမ္ပဏီများဖြစ်သည့် Gazprom နှင့် Lukoil တို့မှ အကြီးအကျယ်ရင်းနှီးလုပ်ကိုင်လျက်ရှိသည်။

၁၆။ ဆားဗီးယားနိုင်ငံ၏ ရာသီဥတုနှင့်မြေမျက်နှာပြင်အခြေအနေအရ ကောက်ပဲ သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့်အခြေအနေအား ပိုင်ဆိုင်ထားပါသည်။ စိုက်ပျိုးမြေ ဟက်တာ(၅)သန်းအထိ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှု မှရရှိငွေသည် အမေရိကန်ဒေါ်လာ ၃.၂ဘီလီယံဖြစ်ပါသည်။ ထို့အပြင် EU နိုင်ငံများသို့ အေးခဲစားသောက်ကုန်တင်ပို့မှု အများဆုံးနိုင်ငံလည်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ဇီးသီးနှင့်raspberries စိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံလည်းဖြစ်သည်။

**လူမှုရေး**

၁၇။ လူဦးရေ ၇ သန်းခန့်ရှိပြီး လူဦးရေသိပ်သည်းဆမှာ ၈၉ ကီလိုမီတာတွင် လူ ၁ဦးနှုန်းဖြစ်သည်။ လူမျိုးစုများအနေဖြင့် ဆာ့ဘ်လူမျိုး ၈၃.၃%၊ ဟန်ဂေရီ ၃.၅%၊ ရိုးမား ၂.၁%၊ ဘော့စနက် ၂% နှင့် အခြား ၉% တို့ဖြစ်သည်။ ရုံးသုံးဘာသာစကားမှာ ဆားဗီးယားဘာသာစကားဖြစ်ပြီး လူဦးရေ၏ ၈၈ % သုံးစွဲကြသည်။ အခြား အသိအမှတ်ပြုထားသော လူနည်းစုဘာသာစကားများမှာ ဟန်ဂေရီ၊ ဘော့စနီးယား၊ ဆလိုဗက်၊ ခရိုအေးရှား၊ အယ်ဘေးနီးယား၊ ရိုမေးနီးယားနှင့် ဘူဂေးရီးယားဘာသာ စကားများဖြစ်သည်။

၁၈။ အုပ်ချုပ်ရေးဒေသများအနေဖြင့် မြူနီစီပယ်နယ်မြေ၁၄၅ခုနှင့် မြို့တော်နယ်မြေ ၂၉ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂ ခုပိုင်းခြားသတ်မှတ်ထားသည်။ မြူနီစီပယ် ဒေသများနှင့် မြို့တော်နယ်မြေများအား ခရိုင် ၂၄ ခုဖြင့် ခွဲခြားသတ်မှတ်ထားသည်။ လူဦးရေအထူထပ်ဆုံးမြို့တော်မှာ ဘဲလ်ဂရိတ်မြို့တော်ဖြစ်ပြီး လူဦးရေ ၁.၂ သန်း နေထိုင်သည်။

၁၉။ ဆားဗီးယားသည် ဘာသာရေးလွတ်လပ်ခွင့်အပြည့်အဝပေးထားသည့် Secular State တစ်ခုဖြစ်သည်။ နိုင်ငံ့လူဦးရေ၏၈၄.၅%ဖြစ်သည့် လူဦးရေ ၆ သန်းသည် အော်သိုဒေါ့ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ ရိုမန်ကတ်သိုလစ်ခရစ်ယာန်ဘာသာဝင် ၆ %၊ မူဆလင် ၃ % နှင့် ပရိုတက်စတင့် ၁%တို့ဖြစ်သည်။

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေး

၂၀။ ဆားဗီးယား-မြန်မာဆက်ဆံရေးအနေဖြင့် ယူဂိုဆလားဗီးယားပြည်ထောင်စုခေတ် ၁၉၅၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်စတင်ခဲ့သည်။ ပထမဆုံး ယူဂိုဆလားဗီးယားသံရုံးကို ၁၉၅၂ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ခုနှစ်၊ဇူလိုင်လတွင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ် ဖဆပလအဖွဲ့ဝင်ဦးကျော်ငြိမ်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူဂိုဆလားဗီးယားပြည်ထောင်စုသို့ လေ့လာရေးသွားရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်အတွင်း ရန်ကုန်မြို့ရှိ တရုတ်သံရုံး၏လျှို့ဝှက်အစီရင်ခံစာတစ်ခုတွင် မြန်မာနှင့် ယူဂိုဆလားဗီးယားတို့၏ နိုင်ငံရေးဆက်ဆံမှုသည် လစ်လျူရှု၍မရသောဆက်ဆံရေးတစ်ရပ်ဖြစ်ကြောင်း အစီရင်ခံခဲ့သည်။

၂၁။ စစ်အေးတိုက်ပွဲကာလများတွင် မြန်မာနိုင်ငံအနေဖြင့် ယူဂိုဆလားဗီးယားအား ဆိုရှယ်လစ်စံပြနိုင်ငံတစ်ခုအနေဖြင့်မှတ်ယူခဲ့ပြီး မြန်မာနှင့်ယူဂိုဆလားဗီးယားတို့သည် လူမျိုးစုတိုင်းရင်းသားများ စုစည်းနေထိုင်မှုခြင်းတူညီခြင်း၊ ဘက်မလိုက်ဝါဒကို ကျင့်သုံးသောနိုင်ငံများဖြစ်ခြင်းတို့ကြောင့် နီးစပ်သောဆက်ဆံရေးရှိခဲ့သည်။

၂၂။ ၂၀၁၇ ခုနှစ်တွင် ဆားဗီးယားနှင့် မြန်မာနိုင်ငံတို့၏ကုန်သွယ်မှုတန်ဖိုးမှာ ယူရို ၁၈၀၈သန်းရှိခဲ့ပြီး၊ ပို့ကုန်တန်ဖိုး ယူရို ၁၄၉၂ သန်းနှင့် သွင်းကုန် ယူရို ၃၁၆ သန်းဖြစ်သည်။ မြန်မာနှင့် ဆားဗီးယားအကြား သဘောတူညီမှုစာချုပ် (၄)ခုချုပ်ဆိုထားရှိပြီး စာချုပ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) PAYMENTS AGREEMENT (၁၉၅၇)

(ခ) AGREEMENT ON ECONOMIC AND TECHNICAL COOPERATION (EXCHANGE OF NOTES) WITH BURMA (၁၉၆၆)

(ဂ) TRADE AGREEMENT BETWEEN THE GOVERNMENT OF THE SFRY AND THE GOVERNMENT OF THE UNION OF BURMA (၁၉၆၈)

(ဃ) PROTOCOL ON COOPERATION BETWEEN THE FEDERAL MINISTRY OF FOREIGN AFFAIRS OF THE FRY AND THE MINISTRY OF FOREIGN AFFAIRS OF THE REPUBLIC OF MYANMAR (၂၀၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားသံအမတ်ကြီး
# H. E. Mr. Miodrag Nikolin ၏ကိုယ်ရေးအကျဉ်း



H. E. Mr. Miodrag Nikolin အား ၃၁.၈.၁၉၅၄ ရက်နေ့တွင် ဆားဗီးယားနိုင်ငံ၊ Zrenjanin ၌မွေးဖွားခဲ့ပါသည်။ ၁၉၇၇ ခုနှစ်တွင် University of Belgrade မှ စီးပွားရေးဆိုင်ရာမဟာဌာနမှဘွဲ့ရရှိခဲ့ပြီး ၁၉၈၁ ခုနှစ်နှင့် ၁၉၈၂ နှစ်များတွင်The SFR of Yugoslavia ၏နိုင်ငံခြားရေးရာကိစ္စရပ်များအတွက် သံတမန်ဆိုင်ရာ ကျောင်းမှလည်း ဘွဲ့ရရှိခဲ့ပါသည်။ ၎င်းသည် အင်္ဂလိပ်နှင့်ရုရှားဘာသာစကားနှစ်မျိုး ကို တတ်မြောက်ကျွမ်းကျင်ပါသည်။

ရန်ကုန်တွင် ၁၉၈၄ခုနှစ်မှ၁၉၈၈ခုနှစ်အထိ သံရုံးအတွင်းဝန်အဖြစ်လည်းကောင်း ၁၉၉၆ခုနှစ်မှ၂၀၀၁ခုနှစ်အထိ လက်ထောက်သံအမတ်၊ အတိုင်ပင်ခံအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပါသည်။ ၂၅.၁၁.၂၀၁၃ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆားဗီးယားနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၁၄.၁၁.၂၀၁၄ ရက်နေ့တွင် ရန်ကုန်အခြေစိုက် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆားဗီးယားနိုင်ငံသံအမတ်အကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် ၂.၁၀.၂၀၁၇ရက်နေ့တွင် မြန်မာအစိုးရ၏အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ခရီးစဉ်သို့သွားရောက်ခဲ့ပြီး ရခိုင်မြောက်ပိုင်းသံတမန်ခရီးစဉ်ကြေညာချက်ကို ထုတ်ပြန်ရာတွင်လည်း အခြားသံအမတ်ကြီးများနှင့် ပူးပေါင်းပါဝင်ခဲ့ပါသည်။